**ဖိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

နိုဝင်ဘာလ ၂၀၁၆

“ငါ့ကိုခွန်အားပေးတော်မူသောအရှင်အားဖြင့် ငါသည်အရာခပ်သိမ်းတို့ကို တတ်စွမ်းနိုင်၏”
(ဖိလိပိ၄း၁၃)

ကျွန်ုပ်တို့၌ပျော်ရွှင်ရသောအချိန်၊ ခွန်အားအပြည့်အဝနှင့် အရာရာမှာ ပေါ့ပါးလွယ်ကူပုံရသော အခိုက်အတံ့များရှိပါသည်။ တစ်ဘက်တွင်လည်း အခက်အခဲများကြောင့် ခါးသီးသောနေ့ရက်များဖြင့် စိတ်ပျက်ခဲ့ကြရသည်များလည်းရှိသည်။ ယင်းတို့မှာ ကိုယ့်ပတ်ဝန်းကျင်ရှိလူများအားချစ်ခြင်းမေတ္တာထားဖို့ သို့မဟုတ် ကျွန်ုပ်တို့၏အသက်တာလမ်းစဉ်ကို အခြားသူများအား မျှဝေပေးမှုမပြုခြင်းဆိုသည့် သေးငယ်သောပျက်ကွက်မှုလေးများကြောင့် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့တည်းမဟုတ် ကျွန်ုပ်တို့ကိုယ်တိုင်က နေထိုင်မကောင်းခြင်း၊ ငွေရေးကြေးရေးအခက်အခဲ၊ မိသားစုပြဿနာ၊ ယုံမှားသံသယစိတ်သို့မဟုတ် စုံစမ်းနှောင့်ယှက်ခြင်း၊ အလုပ်ပြုတ်ခြင်း၊ စစ်၏အကျိုးဆက်များ စသည်တို့၏ထိုးနှက်မှုကြောင့် ကျွန်ုပ်တို့အဖို့ နလံမထူနိုင်ဖြစ်နေရပုံပေါ်ပါသည်။ ၄င်းတို့အနက် ကျွန်ုပ်တို့အား ဖိစီးစေဆုံးသောအရာမှာ ကျွန်ုပ်တို့အသည်းအသန်လိုအပ်နေသော အကူအညီကို မည်သူတစ်ဦးတစ်ယောက်ထံမှမရရှိဘဲ ဘဝအသက်တာကို တစ်ကိုယ်တည်းရင်ဆိုင်ရတော့မည်ဆိုသည့် ခံစားချက်ပင်ဖြစ်သည်။

လူအနည်းငယ်လောက်သာ ရှင်ပေါလူးကဲ့သို့ လေးနက်သော ဝမ်းမြောက်ပျော်ရွှင်မှုနှင့်နာကျင်ခံစားမှု၊ အောင်မြင်မှုနှင့် နားလည်မှုမရှိခြင်းကဲ့သို့သော အတွေ့အကြုံမျိုးရှိကြပါသည်။ မည်သို့ပင်ဖြစ်စေ ရှင်ပေါလူးသည် သူ၏သာသနာအမှုတော်အတွက် အခက်အခဲအမျိုးမျိုးကိုရင်ဆိုင်ရင်း စိတ်ပျက်အားလျော့ခြင်းမရှိဘဲ ဆက်လက်ဖေါ်ဆောင်သွားနိုင်ခဲ့ပါသည်။ သူသည် ထူးကဲသောလူစွမ်းကောင်းတစ်ယောက်လော၊ မဟုတ်ပါ။ သူသည်လည်း အားနည်းသူ၊ ထိခိုက်လွယ်သူ၊ အရည်အချင်းမရှိသူဟု ကိုယ့်ကိုယ်ကို ခံစားမိသူတစ်ယောက်ပါ။ သို့သော် သူ့၌လျှို့ဝှက်ချက်ရှိပါသည်။ တစ်ကြိမ်တွင် ဖိလိပိမြို့၌ “ငါ့ကိုခွန်အားပေးတော်မူသောအရှင်အားဖြင့် ငါသည် အရာခပ်သိမ်းတို့ကို တတ်စွမ်းနိုင်၏” ဟု သူ၏မိတ်ဆွေများအား မျှဝေပြောကြားခဲ့ပါသည်။ သူ၏အသက်တာ၌သခင်ယေရှုအစဉ်အမြဲတည်ရှိနေကြောင်းကို သိရှိခဲ့သည်။ လူတိုင်းက သူ့အားစွန့်ပစ်ထားခဲ့သည့်တိုင် ရှင်ပေါလူးသည် အထီးကျန်ခံစားခဲ့ခြင်းမရှိပေ။ သခင်ယေရှုသည် အနီးဆုံးတွင်ရှိနေခဲ့သည်။ ယင်းကားသခင်ယေရှုသည် ရှင်ပေါလူးအား အခက်အခဲတိုင်းကိုရင်ဆိုင်ရှေ့ဆက်နိုင်ဖို့ လုံခြုံမှုနှင့် အားပေးတိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ရှင်ပေါလူး၏လျှို့ဝှက်ချက်ကား ကျွန်ုပ်တို့အတွက်လည်း ဖြစ်နိုင်ပါသည်။ ကျွန်ုပ်၏နာကျင်မှုနှင့်အတူ အမြဲတမ်းမိမိကိုယ်ကိုဖေါ်ပြနေသော အံ့ဘွယ်ရာသခင်ယေဇူး၏အနီးကပ်တည်ရှိနေမှုကို သိမှတ်ဝန်ခံခြင်းအားဖြင့် အရာရာကိုလုပ်ဆောင်နိုင်သည်။ သခင်ယေဇူးကတိတော်ရှိခဲ့သည့်အတိုင်း(မာတေဦး ၁၈း၂၀တွင်ရှု) အခြားသူတို့နှင့်အတူ ချစ်ခြင်းမေတ္တာဖြင့်တစ်လုံးတစ်ဝတည်းရှိလျှင် ကျွန်ုပ်သည် အရာရာကိုလုပ်ဆောင်နိုင်ပြီး စည်းလုံးခြင်းခွန်အား၏ထောက်ပံ့မှုကိုရခဲ့ပါသည်။ နေ့စဉ်အသက်တာ၌ လိုက်လျှောက်ရမည့်လမ်းကို သိမြင်စေပြီး ယုံကြည်မှုအပြည့်နှင့် မည်သို့အသက်ရှင်နေထိုင်ရမည်ကို သွန်သင်နေသော သမ္မာကျမ်းစာတော်မြတ်မှ နှုတ်တော်ထွက်စကားများအားလက်ခံလျက် လက်တွေ့ကျင့်ကြံလိုက်လျှောက်သောအခါ အရာရာကို ကျွန်ုပ်လုပ်ဆောင်နိုင်ပါ၏။

မိမိ၏ကိုယ်ရေးကိုယ်တာ သို့မဟုတ် မိသားစုနှင့်စပ်ဆိုင်သော စုံစမ်းနှောင့်ယှက်ခြင်းများသာမက မိမိနှင့်စပ်ဆိုင်သော ကမ္ဘာလူသားများအတွက်လည်း ရင်ဆိုင်နိုင်ရန်ခွန်အားရှိပါလိမ့်မည်။ သို့ဖြစ်၍ အနိဋ္ဌာရုံများသည် လူမှုအသိုင်းအဝိုင်းနှင့်တိုင်းနိုင်ငံများ၏ပြဿနာများဖြစ်ပြီး ရိုးအပြောတိုင်းယုံတတ်ခြင်း၊ စိတ်ကူးယဉ်ဆန်မှုတစ်ခုဟုဆိုရမည်ဖြစ်သော်လည်း အလုံးစုံကိုတတ်နိုင်တော်မူသောသခင်နှင့်အတူရှိလျှင် အရာရာသည် ဖြစ်နိုင်ပါသည်။ ‘အရာရာ’ဆိုသော်လည်း ဘုရားသခင်၏ကရုဏာမေတ္တာတော်အားဖြင့် ကျွန်ုပ်တို့အတွက်၊ ကျွန်ုပ်တို့အားဖြင့် အခြားသူများအတွက် အပြုသဘောဆောင်သော ကောင်းမြတ်ခြင်းများသာဖြစ်ပါသည်။ ထို့ပြင် ထိုအရာများသည် ချက်ချင်းလက်ငင်းဖြစ်မလာခဲ့သော်လည်း ကျွန်ုပ်တို့အနေဖြင့် ထာဝရတည်ရှိတော်မူပြီး ဘာမဆိုပြည်ဝစုံလင်စေမည့် ကိုယ်တော်ရှင်၏ချစ်ခြင်းမေတ္တာအကြံအစည်တော်ကို ဆက်လက်ပြီး ယုံကြည်မျှော်လင့်နေကြရပါမည်။

ကျွန်ုပ်တို့လုပ်ဆောင်ရမည်မှာ “ပူးပေါင်းဆောင်ရွက်ခြင်း”ပင်ဖြစ်သည်။ တစ်စုံတစ်ယောက်အခက်အခဲများနှင့်ရင်ဆိုင်နေရချိန်ကိုထောက်ရှုပြီး ကယားရာ သွန်သင်ခဲ့သည့်အတိုင်း *“ကိုယ်ချစ်တဲ့သူတစ်ယောက်ဖျားနာနေတယ် သို့မဟုတ် အန္တရာယ်ရင်ဆိုင်နေရတယ်၊ ဒါမှမဟုတ် ရှုပ်ထွေးသောအခြေအနေတစ်ခုခုရင်ဆိုင်နေရတဲ့အခါမှာ ငါဘာမှလုပ်မပေးနိုင်ဘူး။ ဒါဆိုရင် စာကိုကောင်းကောင်းသင်ယူမယ်၊ သန့်ရှင်းရေးကောင်းကောင်းလုပ်ပေးမယ်၊ ကလေးတွေကို ကောင်းကောင်းကြည့်ရှုထိန်းကြောင်းပေးမယ် စသည်ဖြင့် အဲဒီအခိုက်အတံ့မှာ ဘုရားသခင်က ကိုယ့်ကိုဘာလုပ်စေချင်လဲဆိုတဲ့အရာကို လုပ်ဆောင်ရမယ်။ ပြီးရင် ဒီကြိုးထုံးကိုရှင်းလင်းပေးဖို့၊ နာကျင်ခံစားနေရသောသူကို နှစ်သိမ့်မှုပေးဖို့၊ မျှော်လင့်မထားတဲ့ဖြစ်ရပ်ကိုဖြေရှင်းပေးဖို့ ဘုရားသခင်က ကြည့်ရှုပါလိမ့်မယ်။”*ယင်းကား စုံလင်သောအသိုင်းအဝိုင်း၌ ပူးပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်ပြီး ကျွန်ုပ်တို့၏လုပ်ဆောင်ချက်၊ ဘုရားသခင်ကိုယ်တော်တိုင်က ကျွန်ုပ်တို့အပေါ်စိတ်ချယုံကြည်ခြင်းအားဖြင့် အရာရာကိုဖြစ်လာစေသည့် ဘုရားသခင်၏ သားသမီးများအပေါ်ထားရှိသော ချစ်ခြင်းမေတ္တာတော်၌ ယုံကြည်ခြင်းကြီးစွာထားရှိဖို့ တောင်းဆိုနေပါသည်။ ဤသို့ အပြန်အလှန်ထားရှိသောယုံကြည်မှုက အံ့သြဘွယ်ရာတန်ခိုးလက္ခဏာများကို ဖြစ်စေပါသည်။ ကျွန်ုပ်တို့မလုပ်နိုင်သောအရာကို အခြားသူတစ်ယောက်က အမှန်တကယ် ကျွန်ုပ်တို့ထက်ပင် ပို၍ကောင်းအောင်လုပ်ဆောင်နိုင်သည်ကို တွေ့မြင်ရပါလိမ့်မည်။

*Fabio Ciardi*

*******************************************************

## အခက်အခဲကို နှလုံးသားသစ်ဖြင့် ရင်ဆိုင်ခြင်း

ကျွန်မတို့ဟာ စီးပွားရေးအရမ်းကြပ်တည်းတဲ့အခြေအနေကို နှစ်အတန်ကြာ ရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်မ ယောကျ်ားနဲ့အတူ ငါတို့စီမံဖြေရှင်းနိုင်မယ်လို့ သန္နိဋ္ဌာန်ပြုခဲ့ကြပေမယ့်လို့လည်းအရာရာဟာ ပို၍ပင်ခက်ခဲလာပါ တော့တယ်။ သူ့အလုပ်က လုံခြုံမှုရှိခဲ့လို့သာ အခုကျွန်မတို့နေတဲ့အိမ်ကလေးနဲ့ သူလုပ်လုပ်နေတဲ့ စတူဒီယိုကို တည်ဆောက်ခဲ့တယ်။ ဒီလိုလုပ်နိုင်ဖို့ ကျွန်မတို့ဟာ ဘဏ်ကနေ ငွေချေးယူခဲ့ရပါတယ်။ အခြေအနေကို ကျော်လွှား သွားနိုင်မယ်လို့ ကိုယ့်ဖာသာကို ယုံကြည်စိတ်ချခဲ့မိပေမယ့်လည်း ဘဏ်ကနေ ကျွန်မတို့ဟာ ကြွေးကျန်စာရင်းထဲမှာ ရှိကြောင်း အကြောင်းကြားလာတဲ့အခါမှာ တကယ်တမ်းတစ်ခြားစီဖြစ်ခဲ့ပါတယ်။ အဲဒီအကြောင်းကြားစာ ရောက် လာတာက ကျွန်မအဖို့သေချင်သွားလောက်အောင်ပါပဲ။ နောက်ပြီး ယောကျ်ားကိုလည်း ကျွန်မတို့ရဲ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုညံ့ဖျင်းလို့ဆိုပြီး စွပ်စွဲအပြစ်တင်ခဲ့ပါတယ်။

ကိစ္စရပ်တွေကိုရင်ဆိုင်ရာမှာ ဒါဟာနည်းမှန်လမ်းမှန်မဟုတ်ဘူးဆိုတာ ကျွန်မသိပါတယ်၊ ဒါနဲ့ပဲ နောက် တစ်နေ့မှာ သူ့ကိုနှလုံးသားအသစ်နဲ့ တစ်ဖန်အစပြုပြီး မေတ္တာပြဖို့ကြိုးစားခဲ့ပါတယ်။ ကျွန်မတို့ကလေး ၄ယောက်ရဲ့ လိုအပ်ချက်၊ နေ့စဉ်မြင်နိုင်ရာမမြင်နိုင်ရာကုန်ကျစရိတ်တွေနဲ့အတူ ကျွန်မရဲ့ယုံကြည်ခြင်းကို ပြင်းထန် စွာစမ်းသပ် ပါတော့တယ်။ နှစ်ကုန်ပိုင်းရောက်တဲ့အခါအိမ်အတွက် ဘဏ်ချေးငွေအပါအဝင် အကြွေးတွေအများကြီး ရှိနေပါ သေးတယ်။ ကျွန်မက နှစ်ကုန် အပိုဆောင်းရတဲ့ငွေနဲ့ဆပ်ဖို့စဉ်းစားထားပေမယ့် ကျွန်မယောကျ်ားက အခြား ကုန်ကျ စရိတ်အတွက်ဒီငွေ လိုအပ်နေပါတယ်။

ဘဏ်ချေးငွေပေးရမယ့်နောက်ဆုံးနေ့မှာ ကျွန်မလည်း ဘုရားကျောင်းကိုသွားပြီး ဘုရားသခင်နဲ့ သူ့ရဲ့ ချစ်ခြင်းမေတ္တာမှာ ယုံကြည်ခြင်းအပြည့်နဲ့ ဆုတောင်းခဲ့ပါတယ်။ အိမ်ကိုပြန်လာပြီးတဲ့နောက် အိမ်ရှေ့မှာ တံခါး ခေါက်သံကြားရပါတယ်။ စာပို့သမားဖြစ်နေပြီး သူကချက်လက်မှတ်ပါတဲ့စာအိတ်တစ်ခု ယူလာတာဖြစ်တယ်။ အဲဒါကတော့ ငွေအရေအတွက်အတော်အတန်ရှိပြီး ပြီးခဲ့တဲ့နှစ်နွေရာသီကကျွန်မယောကျ်ားလုပ်ခဲ့တဲ့ အလုပ်တစ်ခု အတွက် ပေးချေထားတာဖြစ်ပါတယ်။ ဘုရားသခင်က ကျွန်မတို့ကိုအရမ်းချစ်တယ်၊ လိုအပ်မှုမှန်သမျှကို ကြည့်ပေး တယ်ဆိုတာ လုံးဝသံသယမရှိတော့ပါဘူး။

ကျွန်မတို့ရဲ့ငွေရေးကြေးရေးပြဿနာများက အပြည့်အဝပြေလည်သွားတာတော့မဟုတ်ပေမယ့် ကျွန်မတို့ ဟာ ဘုရားသခင်ထံမှာ ဆက်လက်ပြီးအခိုင်အမာရပ်တည်သွားရမယ်၊ ဘုရားသခင်ရဲ့ကျေးဇူးတော်အပေါ် စိတ်ချ ယုံကြည်မှုနဲ့ အချင်းချင်းအကြားမှာ စည်းလုံးမှုကို အစဉ်ထိန်းသိမ်းသွားရမယ်ဆိုတာကို သင်ခန်းစာရရှိခဲ့ပါတယ်။

*N.H.*